# မြန်မာဝေါဟာရအဖွင့်ကျမ်းများမှ
# ဝေါဟာရအနက်ဖွင့်ပုံများကို
# အတ္ထဗေဒအမြင်ဖြင့်စိစစ်ခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မတင်တင်ထွေး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "မြန်မာဝေါဟာရအဖွင့်ကျမ်းများမှ ဝေါဟာရအနက်ဖွင့်ပုံများကို အတ္ထဗေဒအမြင်ဖြင့် စိစစ်ခြင်း" ခေါင်းစဉ်ဖြင့် သုတေသနပြုထားသော ကျမ်းတစ်စောင် ဖြစ်ပါသည်။ ကျမ်း၏ ရည်ရွယ်ချက်မှာ မြန်မာဝေါဟာရအဖွင့်ကျမ်းများမှ ဝေါဟာရအနက်ဖွင့်ပုံများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာစိစစ်ခြင်းအားဖြင့် မြန်မာပညာရှင်တို့၏ အနက်အဓိပ္ပာယ်ဆိုင်ရာ အတွေးအခေါ်များကို လေ့လာသိရှိစေနိုင်သည့်အပြင် မြန်မာဝေါဟာရအဖွင့်ကျမ်းများ၏ဂုဏ်ရည်ကိုလည်း ထင်ရှားစွာ သိမြင်လာစေရန် ရည်ရွယ်ပါသည်။ ဝေါဟာရအဖွင့်ကျမ်းများအနက်မှ

(၁) ဝေါဟာရတ္ထပကာသနီကျမ်း

(၂) ဝေါဟာရလီနတ္ထဒီပနီကျမ်း

(၃) ဝေါဟာရဝိပ္ပလ္လာသလက္ခဏဒီပကကျမ်း

(၄) မြန်မာစကားအဖွင့်ကျမ်း

(၅) ဗြဟ္မနိရုတ္တိနယသင်္ဂဟ(ခေါ်) မြန်မာစကားလုံးပြောင်းထုံးကျမ်း

(၆) ဝိဂ္ဂဟဒီပနီကျမ်း

တို့ကို အတ္ထဗေဒအမြင်ဖြင့် လေ့လာတင်ပြထားပါသည်။ ဝေါဟာရအဖွင့်ကျမ်းများကို ရေးသား ပြုစုခဲ့ကြသော ကျမ်းပြုပုဂ္ဂိုလ်တို့၏အတ္ထုပ္ပတ္တိကို အကျဉ်းမျှသာ ဖော်ပြထားပါသည်။ ဘာသာဗေဒ၏ကဏ္ဍတစ်ရပ်ဖြစ်သော အတ္ထဗေဒပညာရပ်နယ်ပယ်ရှိ အနက်အဓိပ္ပာယ်ဆိုင်ရာ သဘောတရားတို့ကို ထုတ်နုတ်ကာ မြန်မာဝေါဟာရအဖွင့်ကျမ်းများရှိ ပညာရှင်တို့၏ အနက် ဖွင့်ဆိုကြံဆပုံ တို့နှင့် နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ဤကျမ်းကို ပြုစုခြင်းဖြင့် မြန်မာဘာသာစကားလေ့လာမှုတွင် အနက်အဓိပ္ပာယ်ဆိုင်ရာလေ့လာမှု သမိုင်းကြောင်း၊ ဝေါဟာရ အဖွင့်ကျမ်း(၆)ကျမ်း၏ အနက်ဖွင့်ဆိုပုံများ၊ အတ္ထဗေဒပညာရှင်တို့၏အမြင်နှင့် မြန်မာပညာရှင် တို့၏ အနက်ကြံဆပုံအမြင်တို့ကို နှိုင်းယှဉ်လေ့လာနိုင်ခြင်း၊ အဖွင့်ကျမ်း အသီးသီးရှိ ပညာရှင်တို့၏ ဝေါဟာရတစ်ခုအပေါ်တွင် အာရုံပြုရှုမြင် ဖွင့်ဆိုပုံမတူညီခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာဝေါဟာရအဖွင့်ကျမ်းများကို ဖွင့်ဆိုခဲ့ကြသော မြန်မာဘာသာစကား ပညာရှင်တို့သည် ၂၀ရာစု အတ္ထဗေဒပညာရှင်များနည်းတူ အနက်အဓိပ္ပာယ်ကို ကြံဆဖွင့်ဆိုခဲ့ကြသူများ ဖြစ်ကြောင်း လည်း လေ့လာတွေ့ရှိရပေရာ မြန်မာဝေါဟာရအဖွင့်ကျမ်းများ၏ ဂုဏ်ရည်နှင့် ကျမ်းပြုပုဂ္ဂိုလ် တို့၏ဂုဏ်ရည်ကို သိရှိစေခြင်း ဟူသော အကျိုးထူးများလည်း ရရှိစေမည်ဟု ယုံကြည်ပါသည်။